အမေရိကန်ပြည်ထောင်စုနှင့် အာဆီယံ -- မိတ်ဖက်လက်တွဲခြင်း အခွန်ရှည်တည်တံ့မှု

အချက်အလက်များ
ပြောခွင့်ရပုဂ္ဂိုလ်ရုံး
သြဂုတ် ၂၊ ၂၀၁၉

လူဦးရေ သန်း ၆၅၀ ရှိပြီး အမေရိကန်ဒေါ်လာ သုံးထရီလီယံ နီးပါးဖြင့် ပျမ်းမျှ ဂျီဒီပီတိုးတက်မှု ၀၊ ရာခိုင်နှုန်းရှိ၍ လူငယ်လူရွယ်ပေါများပြီး နည်းပညာနှင့် ယှဉ်ပါးလျက်ရှိသောလူဦးရေတို့ဖြင့် အာဆီယံ ၁၀ နိုင်ငံသည် ကမ္ဘာ့သက်ဝင်လုပ်ရှားမှုအရှိဆုံး ဒေသတစ်ခုဖြစ်သည်။ လွန်ခဲ့သော ၄၂ နှစ်အတွင်း အမေရိကန်ပြည်ထောင်စုနှင့် အာဆီယံတို့အတူလက်တွဲ၍ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် သာယာဝပြောရေးအတွက် ဆောင်ရွက်ခဲ့ကြပါသည်။ အမေရိကန်-အာဆီယံ ဆက်ဆံရေးသည် ၁၉၇၇ ခုနှစ်တွင် အစပြုခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် မဟာဗျူဟာမြောက် တွဲဖက်လုပ်ကိုင် ဆောင်ရွက်ရေးအဆင့်သို့ တိုးတက်ရောက်ရှိခဲ့သည်။ အာဆီယံဒေသ၏ **အင်ဒို-ပစိဖိတ် မျှော်မှန်းချက်** အတွင်း ထိန်းသိမ်းထားရှိသော -- အားလုံးပါဝင်နိုင်မှု၊ ပွင့်လင်းမှု၊ တရားဥပဒေစိုးမိုးရေးအခြေပြုသောဒေသတစ်ခု၊ ကောင်းမွန်သော အစိုးရအုပ်ချုပ်မှုနှင့် နိုင်ငံတကာဥပဒေများကို အလေးထားမှုစသည့် အခြေခံစည်းမျဉ်းများနှင့် လွတ်လပ်ပြီး ပွင့်လင်းသော အင်ဒို-ပစိဖိတ် ဒေသတစ်ခုအတွက် အမေရိကန်ပြည်ထောင်စု၏ မျှော်မှန်းချက်တို့အကြားတွင် ခိုင်မာသောဆုံမှတ်ကို တွေ့ရှိရသကဲ့သို့ ကျွန်ုပ်တို့၏ မဟာမိတ်နိုင်ငံများ၊တွဲဖက်လုပ်ကိုင်သူများနှင့် မိတ်ဆွေများ၏ ဒေသတွင်းဆိုင်ရာ ချဉ်းကပ်မှုများကိုလည်း တွေ့ရှိရပါသည်။

<u>ခိုင်မာသော အမေရိကန်နှင့် အာဆီယံဒေသစီးပွားရေးဆိုင်ရာ ဆက်ဆံရေးများ</u>

အာဆီယံဒေသနိုင်ငံများ၏ သက်ဝင်လုပ်ရှားနေသည့်စီးပွားရေးများနှင့် မြင့်မားသောတိုးတက်မှုနှုန်းများသည် အမေရိကန် တင်ပို့ကုန်များနှင့် ရင်းနှီးမြှုပ်နှံမှုများအတွက် သော့ချက်ကျသော ဈေးကွက်ကို ဖြစ်ပေါ်စေသည်။

- **အာဆီယံဒေသသည် အင်ဒို-ပစိဖိတ်ဒေသအတွင်း၌ အမေရိကန်ပြည်ထောင်စု၏ ရင်းနှီးမြှုပ်နှံမှုအများဆုံးပြုလုပ်ရာ ဒေသတစ်ခုဖြစ်သည်။** ဤဒေသအတွင်း အမေရိကန်ပြည်ထောင်စု၏ ရင်းနှီးမြှုပ်နှံမှုသည် (တစ်စုတစ်စည်းတည်းအားဖြင့် ဒေါ်လာ ၃၂၉ ဘီလီယံ) တရုတ်၊ ဂျပန်၊ ကိုရီးယား သမ္မတနိုင်ငံနှင့် အိန္ဒိယနိုင်ငံရှိ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုတန်ဖိုးထက် ပိုရှိများပြားသည်။
- အာဆီယံဒေသသည် အမေရိကန်ကုန်စည်များအတွက် စတုတ္ထမြောက်အကြီးဆုံး ကုန်တင်ပို့ရာဈေးကွက်ဖြစ်ပြီး အာဆီယံဒေသ ပို့ကုန်များသည် အမေရိကန်ပြည်ထောင်စုအတွက် ခန့်မှန်းခြေအားဖြင့် အလုပ်အကိုင်ပေါင်း ၅၀၀၀၀၀ အတွက် အထောက်အကူဖြစ်စေသည်။ အမေရိကန်ပြည်ထောင်စုသည် အာဆီယံဒေသ၏ စတုတ္ထမြောက်အကြီးဆုံး တွဲဖက်ကုန်သွယ်မှုပြုလုပ်သည့် နိုင်ငံဖြစ်သည်။
- ၂၀၀၈ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု၏ နည်းပညာအကူအညီဖြင့် လုပ်ဆောင်ခဲ့သော **အာဆီယံဒေသပြူတင်းတစ်ပေါက်တည်းအသုံးပြု ကုန်သွယ်ရေးဖွံ့ဖြိုးမှုအဖွဲ့**(ASW) စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရေး ကုန်ကျစရိတ်များကို လျော့ချရန်နှင့် ကုန်စည်များ ကူးသန်းရောင်းဝယ်ရာတွင် ချောမွေ့လျင်မြန်စေရန် အကူအညီပေးလျက်ရှိသည်။ အာဆီယံဒေသနိုင်ငံများနှင့် အမေရိကန်ပြည်ထောင်စုတို့အကြား အကောက်ခွန်ဆိုင်ရာ သတင်းအချက်အလက်များကို လွယ်ကူစွာဖလှယ်နိုင်ရန် အထောက်အကူဖြစ်စေလျက် အမေရိကန်နိုင်ငံတကာဖွံ့ဖြိုးရေးအေဂျင်စီသည် နည်းပညာသုံးဆော့ဖ်ဝဲကို အဆင့်မြင့်တင်ရန်နှင့် ASW အတွက် ဥပဒေများကို ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရန် အကူအညီများကို ပေးအပ်ခဲ့သည်။
- အမေရိကန်ပြည်ထောင်စု **အခြေခံအဆောက်အအုံများ ပြုလုပ်ဆောင်ရွက်ရေးနှင့် အကူအညီပေးရေးကွန်ရက်** (ITAN) သည် အာဆီယံဒေသ၏ အခြေခံအဆောက်အအုံဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုကို အထောက်အကူပြုရန်အတွက် အရည်အသွေးမြင့်မားပြီး ဘဏ္ဍာရေးအရ ရေရှည်တည်တံ့ခိုင်မြဲသော အခြေခံအဆောက်အအုံများကို တိုးမြင့်လုပ်ဆောင်ပါသည်။ ITAN သည် ဖိလစ်ပိုင်နိုင်ငံအား နည်းပညာအကူအညီများ ပံ့ပိုးပေးပြီး ဗီယက်နမ်နိုင်ငံ၏ စွမ်းအင်ဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ခြင်းနှင့် ပုဂ္ဂလိကဏ္ဍ ရင်းနှီးမြှုပ်နှံရေးကိုဆွဲဆောင်မှုတွင် အကူအညီပေးလျက်ရှိသည့်အပြင် အင်ဒိုနီးရှားနိုင်ငံ၏ နိုင်ငံပိုင်လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး ကုမ္ပဏီနှင့်အတူ တွဲဖက်ကာ မဟာဓာတ်အားလိုင်းများအား ခေတ်မီအောင် မွမ်းမံပြင်ဆင်ခြင်းနှင့် စွမ်းအင်ရင်းမြစ်များအား အမျိုးမျိုး ပြောင်းလဲထုတ်လုပ်ရာတွင် ပူးပေါင်းလုပ်ဆောင်လျက်ရှိသည်။
- **ITAN ပြုလုပ်ဆောင်ရွက်ရေးဆိုင်ရာ အကြံပေးရန်ပုံငွေအဖွဲ့** က အာဆီယံနိုင်ငံများအနေဖြင့် အလားအလာရှိသော အခြေခံအဆောက်အအုံဆိုင်ရာ ပရောဂျက်များကို ခန့်မှန်းတွက်ချက်ရန်အတွက် ဥပဒေရေးရာ အကြံပေးဝန်ဆောင်မှုများနှင့် နည်းပညာ

အထောက်အကူများအား ပံ့ပိုးသွားမည်ဟု ၂၀၁၈ ခုနှစ် ဇူလိုင်လတွင် ကြေညာခဲ့သည်။ သီးခြားပရောဂျက်များကို ၂၀၁၉ ခုနှစ် နှစ်ကုန်ပိုင်းတွင် ကြေညာမည်ဖြစ်သည်။

- **ပင်လယ်ရေပြင်မြင့် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံရေး ပူးပေါင်းဆောင်ရွက်မှုအဖွဲ့**သည် အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ ထိုင်းနှင့် မြန်မာနိုင်ငံတို့တွင် ပရောဂျက်များကို ဦးစားပေးပြုလုပ်လျက်ရှိသည်။ လက်ရှိပရောဂျက်များတွင် စိုက်ပျိုးရေးကဏ္ဍပံ့ပိုးသူများနှင့်အတူ ငွေချေးလုပ်ငန်းများအား ဆက်သွယ်၍ ဒေါ်လာ ၁၀ သန်း ထည့်သွင်းမြှုပ်နှံမှုတစ်ခုပါဝင်ပြီး အင်ဒိုနီးရှားနိုင်ငံတွင် လေအား လျှပ်စစ်ထုတ်လုပ်ငန်း ဖွံ့ဖြိုးရေးအတွက် ကနဦးမတည်မှုအဖြစ် ဒေါ်လာ သန်း ၁၆၀ ထည့်ဝင်ခြင်းတို့ပါဝင်သည်။

<u>အမေရိကန်-အာဆီယံ စမတ်စီးတီးများ တွဲဖက်လုပ်ကိုင်ဆောင်ရွက်ရေးအစီအစဉ် (USASCP) – ဆန်းသစ်တီထွင်မှုအတွင်း ရင်းနှီးမြှုပ်နှံခြင်း</u>

စမတ်စီးတီးများ - မြို့တော်၏ အရင်းအမြစ်များကို ဆန်းသစ်တီထွင်မှုပြုလုပ်ရန်နှင့် စီမံခန့်ခွဲရန်အတွက် ဒေတာအခြေပြု မောင်းနှင်လည်ပတ်သည့် နည်းပညာအသုံးပြုသော စမတ်စီးတီးများသည် အမေရိကန်ပြည်ထောင်စုနှင့် အာဆီယံဒေသနှစ်ခုလုံးအတွင်း ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကကျသောသော့ချက်ဖြစ်သည်။

- USASCP ၏ စတင်ဖွင့်လှစ်သည့် အခမ်းအနားကို အာဆီယံ စမတ်စီးတီးများ ကွန်ရက်အတွင်းရှိ ၂၆ ခုသော ရှေ့ပြေး မြို့တော်များ၏ ကိုယ်စားလှယ်များဖြင့် ဝါရှင်တန်ဒီစီ၌ ဇူလိုင်လတွင် ကျင်းပခဲ့ကာ စမတ်စီးတီးများ၏ ပြည်သူပိုင်နှင့် ပုဂ္ဂလိကကဏ္ဍ ဆိုင်ရာ ကျွမ်းကျင်သူများနှင့် ရှုထောင့်အမြင်များ ဖလှယ်ခြင်းနှင့် စမတ်စီးတီးများ၏ စိန်ခေါ်မှုများအတွက် အမေရိကန်ပြည်ထောင်စု စီးပွားရေးဖြေရှင်းချက်များအား ရှာဖွေခြင်းတို့ကို ပြုလုပ်ခဲ့သည်။ အမေရိကန်ပြည်ထောင်စု၏ ကနဦးကတိကဝတ်ပြုမှုအရ ဤလက်တွဲဖော်ဆောင်မှုအစီအစဉ်အတွက် ဒေါ်လာ ၁၀ သန်းဖြစ်ပါသည်။

<u>အာဆီယံ၏ ဒစ်ဂျစ်တယ်စီးပွားရေးနယ်ပယ်အတွင်း စွမ်းရည်တည်ဆောက်ရေး</u>

အာဆီယံ၏ ဒစ်ဂျက်တယ်စီးပွားရေးသည် ဒေသတွင်း စီးပွားရေးတိုးတက်မှု၏ အဓိကကျသော မောင်းနှင်သူဖြစ်သော်လည်း ဒေသသည် ဆက်သွယ်မှုနှင့် ဆိုင်ဘာလုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများကို ရင်ဆိုင်နေရဆဲဖြစ်ပြီး အမေရိကန်၏ နည်းပညာရပ်ဆိုင်ရာ ကျွမ်းကျင်ပိုင်နိုင်မှုဖြင့် ကိုင်တွယ်ဖြေရှင်းရန် အကူအညီပေးနေရသည်။

- **ဒစ်ဂျစ်တယ် ဆက်သွယ်မှုနှင့် ဆိုင်ဘာလုံခြုံရေး တွဲဖက်လုပ်ကိုင်ဆောင်ရွက်ရေးအစီအစဉ်** (DCCP) တည်ထောင်ခြင်းနှင့် ၂၀၁၈ ခုနှစ် ဆိုင်ဘာလုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်း အစီအစဉ်နှင့်ပတ်သက်၍ အာဆီယံခေါင်းဆောင်များ၏ ကြေညာချက်အရ အောက်တိုဘာ ၁ ရက်မှ ၃ ရက်အထိ စင်ကာပူ နိုင်ငံတကာဆိုင်ဘာရက်သတ္တပတ်ကာလအတွင်း အမေရိကန်ပြည်ထောင်စုသည် ပထမဆုံးသော အမေရိကန်-အာဆီယံ ဆိုင်ဘာမူဝါဒ ဆွေးနွေးပွဲကို စီစဉ်နေသည်ဟု သိရသည်။
- DCCP ၏ တစ်စိတ်တစ်ပိုင်းအဖြစ် USTDA သည် **ဖိလစ်ပိုင်နိုင်ငံ၏ နိုင်ငံအဆင့် ဘဏ္ဍာဘန့်ကွန်ရက်ပရောဂျက်ကို အကောင်အထည်ဖော်ရာတွင် နည်းပညာဆိုင်ရာ အကူအညီပြု ချေးငွေအတွက် ငွေရေးကြေးရေးထောက်ပံ့မှုပြုလုပ်ခြင်း** အပါအဝင် ဒေသတစ်ခုလုံးအတွက် သတင်းအချက်အလက်များနှင့် ဆက်သွယ်ဆောင်ရွက်မှုနည်းပညာရပ်ဆိုင်ရာ လုပ်ဆောင်ချက်အများအပြားကို ထောက်ပံ့ပေးခဲ့သည်။ ဤအကူအညီသည် ဖိလစ်ပိုင်နိုင်ငံတစ်ဝန်းရှိ ဖူလုံလောက်ငှမှု မရှိဖြစ်နေသည့် ဈေးကွက်များထံသို့ ဘဏ္ဍာဘန့်အသုံးပြုခွင့်ကို ပံ့ပိုးရန်အတွက် နည်းပညာနှင့် လုပ်ငန်းလည်ပတ်လုပ်ဆောင်ရေးဆိုင်ရာ ဒီဇိုင်းအစီအစဉ်များကို ပြန်လည်ဆန်းသစ် စေရာတွင် အထောက်အကူဖြစ်စေပါသည်။
- **အမေရိကန်-စင်ကာပူ တတိယနိုင်ငံများ လေ့ကျင့်ရေး အစီအစဉ်**၊ USASEAN Connect နှင့် DCCP တို့သည် အာဆီယံ ၁၀ နိုင်ငံနှင့် တီမောလက်စ်တီနိုင်ငံမှ အစိုးရအမှုထမ်းများကို ဒစ်ဂျစ်တယ်ဆက်သွယ်မှု၊ ဆိုင်ဘာလုံခြုံရေးနှင့် အသစ်ထွက်ပေါ်လာသည့် နည်းပညာရပ်များအပေါ် လေ့ကျင့်ပေးခြင်းဖြင့် ဒေသအတွင်း၌ ဖွံ့ဖြိုးမှုကွာဟချက်များကို ပေါင်းကူးချိတ်ဆက်ရန် ရည်ရွယ်သည်။ ယခုနှစ်တွင် အမေရိကန်ပြည်ထောင်စုသည် အဖြစ်အပျက်တုန့်ပြန်ခြင်းဆိုင်ရာ စွမ်းရည်များနှင့် ဆိုင်ဘာလုံခြုံရေးဆိုင်ရာ အသိပညာများအား တိုးမြင့်ခြင်းနှင့် ဆိုင်ဘာလုပ်သားထုအား ဖွံ့ဖြိုးစေခြင်းဖြင့် နိုင်ငံအဆင့် ဆိုင်ဘာလုံခြုံရေးမူဝါဒ ဖြစ်ထွန်းလာရေးအတွက် အကောင်းဆုံးသော ကျင့်သုံးဆောင်ရွက်မှုများနှင့် ပတ်သက်၍ စွမ်းရည်ဖွံ့ဖြိုးမှုကို ထောက်ပံ့ပေးခဲ့သည်။

- **အမေရိကန်-အာဆီယံ ဒစ်ဂျစ်တယ်စီးပွားရေးကွင်းဆက်များ ချိတ်ဆက်ရေးအစီအစဉ်** သည် ဒစ်ဂျစ်တယ်ကဏ္ဍတွင် အကောင်းဆုံးသော လုပ်ထုံးလုပ်နည်းများကို မျှဝေရန် အာဆီယံ၏ မူဝါဒရေးဆွဲသူများနှင့် အမေရိကန်ဦးဆောင်နည်းပညာကုမ္ဏီများကို ချိတ်ဆက်ပြီး ပွင့်လင်း၍ ဆန်းသစ်တီထွင်သော ဒစ်ဂျစ်တယ်ကွက်လပ်ကို ပံ့ပိုးထောက်ကူရန် အကူအညီပေးလျက်ရှိသည်။

<u>စွမ်းအင်ဖူလုံမှုကဏ္ဍအတွင်း တွဲဖက်လုပ်ကိုင်ဆောင်ရွက်သူများ</u>

အရှေ့တောင်အာရှ၏ စွမ်းအင်လိုအပ်ချက်ကို ၂၀၄၀ ခုနှစ်တွင် ယခုထက် သုံးပုံနှစ်ပုံကျော်တိုးတက်ရန်ရှိသည်ဟု ခန့်မှန်းထားသည်။ ကြီးထွားလျက်ရှိသော အဆိုပါစျေးကွက်များနှင့် နည်းပညာဆိုင်ရာ တိုးတက်ဖြစ်ထွန်းမှုများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန်အတွက် အမေရိကန်ပြည်ထောင်စု၏ အထောက်အပံ့သည် မရှိမဖြစ်အရေးပါသည်။

- **အမေရိကန်-အာဆီယံ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းအစီအစဉ်** သည် လျှပ်စစ်ဓာတ်အားနှင့် သဘာဝဓာတ်ငွေ့အတွက် ဒေသတွင်းစျေးကွက်အား အဆင့်မြင့်တင်ခြင်း၊ အဆင့်မြင့်၍ သန့်ရှင်းသော စွမ်းအင်နည်းပညာရပ်များကို ထိရောက်စွာအသုံးပြုမှုနှင့် စွမ်းအင်အကျိုးထိရောက်စွာအသုံးပြုမှု တိုးမြင့်ရေးတို့အပါအဝင် အာဆီယံ၏ ဒေသတွင်းစွမ်းအင်ဆိုင်ရာ ရည်မှန်းချက်များနှင့် ရည်ရွယ်ချက်များကို ပံ့ပိုးထောက်ပံ့လျက်ရှိသည်။
- **အာရှဒေသ သန့်ရှင်းသောစွမ်းအင်အစီအစဉ်** လက်အောက်တွင် အမေရိကန်ပြည်ထောင်စုသည် သန့်ရှင်းသောစွမ်းအင်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများအတွက် ကုန်ကျစရိတ်များကို လျော့ကျစေရန်နှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းရည်ကို ထိရောက်စွာအသုံးပြုစေရန် ယှဉ်ပြိုင်မှုကို အသုံးပြုသည့်နည်းလမ်းတစ်ခုအဖြစ် ရွေးချယ်ထားသည့် အာဆီယံအစိုးရများအား လေ့ကျင့်ပေးခြင်းဖြင့် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ကဏ္ဍ တင်ဒါခေါ်ယူများအတွက် လေလံရယူမှုများကို ကျင်းပသွားရန် ၅ နှစ်တာကာလအတွက် ဒေါ်လာ သန်း ၇၅၀ ကို စုစည်းအသုံးပြုရန် ကြိုးပမ်းလျက်ရှိသည်။
- အမေရိကန်ပြည်ထောင်စုမှ ဦးဆောင်ဦးရွက်ပြုသော **ASIA EDGE** (စွမ်းအင်ဖြင့် ဖွံ့ဖြိုးရေးနှင့် တိုးတက်မှုမြင့်တင်ရေး) သည် အာဆီယံကောင်စီကို အာဆီယံစွမ်းအင်ဆိုင်ရာ စုစည်းမှုအတွက် သော့ချက်တစ်ခုအဖြစ် ရေနံနှင့် ပတ်သက်၍ နယ်စပ်ဖြတ်ကျော် ပိုက်လိုင်းများ စီမံခန့်ခွဲမှုနှင့် သဘာဝဓာတ်ငွေ့အရည်အသွေး စံချိန်စံညွှန်းများ သတ်မှတ်ခြင်းဆိုင်ရာ အကောင်းဆုံးကျင့်သုံးမှုများအတွက် အထောက်အပံ့ပေးမည်ဖြစ်သည်။

<u>အာဆီယံဒေသလုံခြုံရေးအတွက် ပင်လယ်ရေကြောင်းဆိုင်ရာ အထောက်အပံ့</u>

အင်ဒို-ပစိဖိတ်ဒေသ၏ နလုံးသည်းပွတ်သဖွယ် အလယ်ဗဟိုဌာနရှိသော ခိုင်မာတောင့်တင်းပြီး စွမ်းဆောင်ရည်ရှိသည့် အာဆီယံဒေသသည် ဒေသတွင်းဖွံ့စည်းတည်ဆောက်မှုကို အဆင့်မြင့်တင်ဆောင်ရွက်ရာတွင် မရှိမဖြစ်အရေးပါ၍ ဒီမိုကရက်အစိုးရအုပ်ချုပ်မှုကို အထောက်အပံ့ပြုပြီး အငြင်းပွားမှုများကို နိုင်ငံတကာဥပဒေများဖြင့် ငြိမ်းချမ်းစွာဖြေရှင်းပေးသည်။

- အမေရိကန်ပြည်ထောင်စုသည် စစ်ရေးဆောင်ရွက်မှုနှင့် သတင်းအချက်အလက် မျှဝေခြင်းတို့၌ တိုးတက်မြင့်မားစေရန် **အရှေ့တောင်အာရှပင်လယ်ရေကြောင်းတရားဥပဒေစိုးမိုးမှုဖွံ့ဖြိုးရေးအစီအစဉ်** (ယခင်က ထိုင်းပင်လယ်ကွေ့ တရားဥပဒေစိုးမိုးမှု ဖွံ့ဖြိုးရေး အစီအစဉ်ဟုခေါ်ဆိုခဲ့) ကတဆင့် ကမ်းခြေစောင့်တပ်ဖွဲ့များနှင့် အခြားဆက်စပ်အကျိုးစီးပွားရှင်များအား လေ့ကျင့်ပေးပါသည်။
- **စစ်ရေးအတွက် ပြည်ပမှဘဏ္ဍာရေးအကူအညီပေးအပ်ခြင်း၊ နိုင်ငံတကာစစ်ရေးပညာပေးမှုနှင့် လေ့ကျင့်ရေးနှင့် ပင်လယ်ရေကြောင်းလုံခြုံရေးပဏာမအစီအစဉ်** အစရှိသော လုံခြုံရေးအထောက်အကူပြုမှု အစီအစဉ်သည် အာဆီယံဒေသရှိ တစ်နိုင်ငံချင်းစီ၏ တပ်မတော်များ၏ ကျွမ်းကျင်ပညာရှင်ဆန်သော ပညာရည်ပြည့်ဝမှုကို အထောက်အပံ့ပြုပြီး ပင်လယ်ရေကြောင်းလုံခြုံရေးနှင့် ပင်လယ်ရေကြောင်း နယ်ပယ်ဆိုင်ရာ သိရှိနားလည်မှုကို တိုးမြင့်စေပါသည်။
- စက်တင်ဘာလတွင် အမေရိကန်ပြည်ထောင်စုနှင့် ထိုင်းနိုင်ငံတို့သည် ပဏာမ **အာဆီယံ-အမေရိကန် ရေတပ်စစ်ရေးလေ့ကျင့်မှုကို** ပူးတွဲ ပြုလုပ်မည်ဖြစ်သည်။ ဤစစ်ရေးလေ့ကျင့်မှုသည် ပင်လယ်ရေကြောင်းနယ်ပယ်ဆိုင်ရာ သိရှိနားလည်မှု၊ သတင်းအချက်အလက် မျှဝေခြင်း၊ ပင်လယ်ပြင်အတွင်း ရာဇဝတ်မှုများ တားဆီးခြင်းတို့အတွက် စွမ်းရည်များကို တည်ဆောက်မည်ဖြစ်သည်။

ပြည်သူအချင်းချင်း ဆက်ဆံရေးကတဆင့် လူငယ်ဦးဆောင်မှုကဏ္ဍကို တိုးမြင့်ဆောင်ရွက်ခြင်း

အာဆီယံဒေသရှိ လူဦးရေ၏ ၆၅ % မှာ အသက် ၃၅ နှစ်အောက်အရွယ်များဖြစ်သည်။ လူငယ်များကိုဆော်သြစည်းရုံးခြင်းနှင့် အာဆီယံအသိုက်အဝန်း၏ တာဝန်များ လုပ်ပိုင်ခွင့်များကို တက်သစ်စခေါင်းဆောင်များက ရယူခြင်းဖြင့် ငြိမ်းချမ်းရေးနှင့် သာယာဝပြောမှုကို ဆက်လက်ထိန်းသိမ်းထားမည်ဖြစ်သည်။

- အာဆီယံဒေသမှ လာရောက်လည်ပတ်သူများသည် အမေရိကန်စီးပွားရေးကို နှစ်စဉ် ဒေါ်လာ ၅ ဘီလီယံ ထည့်သွင်းပေးလျက်ရှိသည်။
- အာဆီယံဒေသကျောင်းသားများသည် အမေရိကန်စီးပွားရေးကို နှစ်စဉ် ဒေါ်လာ ၂ ဘီလီယံခန့် ပံ့ပိုးမှုပြုလုပ်ပေးလျက်ရှိသည်။
- အမေရိကန် **အရှေ့တောင်အာရှလူငယ်ခေါင်းဆောင်များမွေးထုတ်ရေးအစီအစဉ်** (YSEALI) သည် ၂၀၁၃ ခုနှစ်မှစ၍ အလားအလာရှိသော ခေါင်းဆောင်ဦးရေ ၅၀၀၀ ခန့်ကို လေ့ကျင့်ပေးခဲ့ပြီးဖြစ်သည်။ ၁၄၂၀၀၀ ခန့်သော အသက် ၁၈ နှစ်မှ ၃၅ နှစ်အကြား လူငယ်များသည် YSEALI ၏ သန္ဓေအဖွဲ့ဝင်များဖြစ်သည်။
- **YSEALI Seeds for the Future** စီမံကိန်းများအတွက် အသေးစားငွေကြေးထောက်ပံ့မှုအစီအစဉ်သည် ၂၀၁၅ ခုနှစ်မှစ၍ ဒေါ်လာ ၁.၆ သန်းကို လူမှုအသိုင်းအဝိုင်း တိုးတက်မြင့်မားရေး စီမံကိန်းများအတွက် ပြုစုပျိုးထောင်ရာတွင် ထောက်ပံ့ပေးအပ်ခဲ့သည်။
- အာဆီယံဒေသနိုင်ငံများမှ နှစ်စဉ် ကျောင်းသားဦးရေ ၆၀၀၀ နီးပါးခန့်သည် အမေရိကန်ပြည်ထောင်စုတွင် ပညာဆည်းပူးနေကြသည်။
- အမေရိကန်-အာဆီယံ ပူးပေါင်းလုပ်ဆောင်ရေး သုတေသနလုပ်ငန်းများဆောင်ရွက်ရန်အလို့ငှာ **ဖူးလ်ဘာရိုက် အာဆီယံ သုတေသနအစီအစဉ်** Fulbright ASEAN Research Program က ၂၀၁၇ ခုနှစ်မှစ၍ အမေရိကန်ပညာတော်သင်များအတွက် ပညာသင်ဆုအရေအတွက် ၁၄ ဆုကို ပေးအပ်ခဲ့ပြီးဖြစ်သည်။

ပိုမိုသိရှိနိုင်ရန်အတွက် https://asean.usmission.gov/ တွင်ကြည့်ရှုနိုင်ပါသည်။